ကာကွယ်ရေးဝန်ကြီးဌာန

စစ်ရေးသတင်းအကျဉ်းချုပ်

Date -9/4/2022

စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

စစ်ကိုင်းတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၉)ရက်နေ့ စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ကျေးရွာရှိ စကစ တပ်သား များအား ဒေသကာကွယ်ရေးအဖွဲ့မှ ပါဆယ်မိုင်းဖြင့် မိုင်းခွဲတိုက်ခိုက်ခဲ့ရာ စကစ တပ်သား (၃)ဦး သေဆုံး ခဲ့ပြီး (၃)ဦး ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ၎င်းစကစ တပ်သားများကို လာသယ်သည့် စကစ ကား (၂)စီးကိုလည်း မိုင်းဆွဲ တိုက်ခိုက်ခဲ့ကြောင်း သတင်းရရှိသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၉)ရက်နေ့ စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းခရိုင် PDFတပ်ရင်း(၁) တပ်ခွဲ (၁) ၊ တပ်စု (၁)စု နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ရာ စစ်ကိုင်းခရိုင်PDFတပ်ရင်း(၁)မှ (၂)ဦး ကျဆုံးခဲ့ပြီး (၁)ဦး ဒဏ်ရာရရှိခဲ့ပြီး စကစဘက်မှ တပ်သား (၁)ဦး သေဆုံးခဲ့ကာ (၄)ဦး ဒဏ်ရာရရှိခဲ့သည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၈)ရက်နေ့ စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်၊ ကလေးမြို့၊ တာဟန်း ရပ်ကွက်၌ စကစ၏ ကားတစ်စီးအား ကလေးခရိုင် PDF တပ်ရင်း မှ မိုင်းဆွဲခဲ့ပြီး လက်နက်ငယ် များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စကစ တပ်သား (၂)ဦး သေဆုံးခဲ့သည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၈)ရက်နေ့ စစ်ကိုင်းတိုင်း ၊ မုံရွာမြို့နယ်၊ နဂါးတွင်းကျေးရွာတောင်ဘက်သို့ စစ်ကြောင်း ထိုးလာသည့် စကစ သံချပ်ကာ ၂ စီးကို မုံရွာ_ဗန္ဓုလနှင့်အဖွဲ့သားများ၊LDF ၊ Black Eagle People's Defence Force ၊ Monywa Lightning PDF ၊ Monywa Peregrine PDF ၊ Black Wolf Defence Force ၊ Chaung U Local Defence Force ၊ ချောင်းဦးမြို့နယ် တော်လှန်ရေးတပ် (Chaung U Revolution Army) ၊ Farmers Revolution Force CHU ၊ Monywa Brave Hearts MBH ၊ Dragon Brother's PDF တို့မှ ပူးပေါင်းမိုင်းဆွဲတိုက်ခိုက်ခဲ့ ကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၈)ရက်နေ့ စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ်၊ ကူတော်ကျေးရွာ၊ ကူတော်ရဲစခန်းအား ဒေသခံကာကွယ်ရေးတပ်ဖွဲ့ ၊ ဘုတလင်မြို့နယ် (ပကဖ)-ဒီမိုကရက်တစ် ပြောက်ကျားတပ်ဖွဲ့ (အောက် ချင်းတွင်း) ၊ Anonymous Hero Guerrilla Force ပြောက်ကျားအဖွဲ့ တို့မှပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

ကရင်ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၈)ရက်နေ့ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ဝေါ်လေမြို့နယ်ခွဲ၊ မောခီးကျေးရွာအုပ်စု၊ စကစ၏ မောခီးစခန်းအနီးရှိ ကွီးဆဲဖောကျေးရွာ၌ လုံခြုံရေးရယူနေသည့် စကစတပ်ဖွဲ့ဝင်များက အပြစ်မဲ့အရပ်သားနှစ်ဦးကို အကြောင်းမဲ့ ပစ်သတ်လိုက်ကြောင်း သတင်းရရှိသည်။

ချင်းပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၉)ရက်နေ့ ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ မတူပီမြို့အခြေစိုက် စကစတပ်စခန်းများမှ မတူပီမြို့မြောက်ဘက်ရှိ လုံတုမ်းရွာသို့ အင်အားအလုံးအရင်းဖြင့် စစ်ကြောင်းထိုးလာပြီး ကျေးရွာရှိ ဒေသခံ (၃) ဦးကို လမ်းပြအဖြစ် အတင်းအဓမ္မ ဖမ်းဆီး ခေါ်ဆောင်သွားကြောင်း သိရှိရသည်။

စစ်ကိုင်းတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၉)ရက်နေ့ စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်၊ တောင်ဖီလာတောင်၌ အထိုင်ချထားသည့် စကစတပ်မှ ၁၂၀ မမ ဖြင့် ပစ်ခတ်ရာ စက္ကန့်ကျေးရွာရှိ ပြည်သူများ ထွက်ပြေးနေရပြီး နေအိမ် (၁၀)လုံးခန့် မီးလောင်ခဲ့ကာ ပြည်သူအချို့အား ဖမ်းဆီး ခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

မကွေးတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၈)ရက်နေ့ မကွေးတိုင်း၊ ပခုက္ကူမြို့နယ်၊ စညောင်းရွာ၌ စကစမှ အင်အား-၁၀၀ ခန့်ဖြင့် ဝင်ရောက်ခဲ့ပြီး မသန်စွမ်း အမျိုးသား ၁ ဦး အပါအဝင် ပြည်သူ ၃ ဦး အား သေနတ်ဖြင့် ပစ်သတ်သွားခဲ့သည်။ စညောင်းရွာသည် အိမ်ခြေ ၂၂၀ နှင့် လူဦးရေ ၁၀၀၀ ကျော်နေထိုင်ပြီး စကစများ ဝင်ရောက်လာချိန်၌ ရွာသားအားလုံးနီးပါး တိမ်းရှောင်နေရသည်။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၈)ရက်နေ့ မကွေးတိုင်း၊ ပခုက္ကူမြို့နယ်၊ မြစ်ဖျားရွာ၌ စကစမှ အင်အား-၁၀၀ ခန့်ဖြင့် အကြမ်းဖက်ဝင်ရောက်၍ နေအိမ် ၈၂ လုံးအား မီးရှို့ခဲ့ပြီး ပြည်သူ-၄ ဦးအား အကြောင်းမဲ့ပစ်သတ်ခဲ့ကြောင်း သိရသည်။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၇)ရက်နေ့ မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ ပျဉ်းချောင်းရွာ၌ စကစများက ကိုကျော်ဆန်း နှင့် ကိုဝေယံထွန်းတို့အား အကြောင်းမဲ့ပစ်သတ်ခဲ့ပြီး အလောင်းအား ဆည်ဝရွာတောင်ဘက် ကောက်ရိုးစင်ပေါ်၌တင်၍ မီးရှို့သွားခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၈)ရက်နေ့၊ မန္တလေးတိုင်း၊ အောင်မြေသာစံမြို့နယ်၊ ၈၂လမ်းနှင့် ၂၅လမ်းထောင့်ရှိ မန္တလေးကက်သလစ်ကာသီဒြယ် ဘုရားကျောင်းအတွင်းသို့ စကစ အင်အား ၄၀ ကျော်ခန့်ဖြင့် အချိန် ၂ နာရီကြာ စီးနင်းဝင်ရောက်ပြီး မွှေနှောက်ရှာဖွေသွားခဲ့ကာ ပစ္စည်းသိမ်းခြင်းနှင့် ဖမ်းဆီးခြင်းများမရှိဟု သိရသည်။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၈)ရက်နေ့၊ မန္တလေးတိုင်း၊ မဟာအောင်မြေမြို့နယ်၊ ၃၅လမ်း၊ ၅၉လမ်းနှင့် လမ်း ၆၀ကြားရှိ ရဲမွန်တောင်ရပ်ကွက်ရုံး၌ အစောင့်ကျနေသော စကစများသည် ဆိုင်ကယ်နှင့် သွားလာ နေသော အမျိုးသား ၃ ဦးအား အကြောင်းမဲ့ ပစ်ခတ် သက်ဖြတ်လိုက်ကြောင်း သိရသည်။